# ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့၏ပူးတွဲသတင်းထုတ်ပြန် ချက်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်
ရန်ကုန်မြို့

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (Union Peace Making Work Committee) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordination Team) အကြား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီ ချက် (Nationwide Ceasefire Agreement) မူကြမ်းအပေါ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၂ မှ ၂၃ ရက်နေ့အထိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းဗဟို ဌာန (Myanmar Peace Center) တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

၂။ နှစ်ဖက် ကိုယ်စားလှယ်များသည် ယခင် ဆွေးနွေးပွဲများတွင် သဘောတူညီရန် ကျန်ရှိနေသေး သည့် အချက်များကို ရင်းနှီး ပွင့်လင်းစွာဖြင့် ဆွေးနွေးညှိနှိုင်းကြပြီး နှစ်ဖက်လုံးက လက်ခံနိုင်မည့် အချက်များကိုအဆိုပြုခဲ့ကြပါသည်။ ဤဆွေးနွေးပွဲမှ ညှိနှိုင်းရရှိထားသောအချက်များကို သက်ဆိုင် ရာ ခေါင်းဆောင်များထံသို့ ပြန်လည်တင်ပြပြီး အတည်ပြုချက်များ ရယူကြမည် ဖြစ်ပါသည်။

၃။ နှစ်ဖက် ယုံကြည်မှုတည်ဆောက်ပြီး တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အပေါ် ဆွေးနွေးညှိနှိုင်း နေစဉ်ကာလအတွင်း မလိုလားအပ်သောကိစ္စရပ်များ ထပ်မံ မပေါ်ပေါက် ရေး အတွက် ပူးတွဲဖြေရှင်း ဆောင်ရွက် သွားကြရန် သဘောတူသည်။

၄။ ပြည်သူလူထုတရပ်လုံး မျှော်လင့် စောင့်စားနေကြသည့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်း စဉ်ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ဆိုင်ရာ သဘောတူညီချက် ရယူရေး လုပ်ငန်း၊ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်လုပ်ငန်း၊ နိုင်ငံရေး ဆွေးနွေးပွဲ ကျင်းပခြင်း လုပ်ငန်းများမှ တဆင့် အမြန်ဆုံး အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ကြမည် ဖြစ်ကြောင်းနှစ်ဘက် သဘောတူသည်။

၅။ နောက်တကြိမ် နှစ်ဖက် ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလလယ်ပိုင်းတွင် ပြန်လည် ကျင်းပရန် နှစ်ဖက်မှ သဘောတူကြပါသည်။